# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 18, 2019 Volume 25, Number 10


**၁၈.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/- ကျပ် |
| CBM Rate | = ၁၅၁၆.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၄.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## စီမံ/ဘဏ္ဍာနှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်းခြင်းဖြင့် မြန်မာ့စက်မှုလက်မှုလုပ်ငန်းများ အသွင်ကူးပြောင်းမှုပိုမြန်ဆန်မည်ဟုဆို



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အား ပူးပေါင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ် ပိုမို မြန်ဆန်ထိရောက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်ကပြောသည်။ နိုဝင်ဘာ ၁၅ ရက်က နေပြည်တော်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်း အဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအဖြစ် ပူးပေါင်းဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး လွှတ်တော်သို့ ရှင်းလင်းစဉ် ထည့်သွင်းပြောခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာတွင်လည်း စက်မှုဝန်ကြီးဌာနကို ကုန်သွယ်ရေးနှင့်စက်မှု ဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ စီးပွားရေး၊ ကုန်ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအဖြစ်လည်းကောင်းစသည်ဖြင့် စီးပွားရေးနှင့်ဆက်စပ်သော ဝန်ကြီးဌာနများနှင့် ပူးတွဲဖွဲ့စည်းလေ့ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေအရ နိုင်ငံတော်ဘဏ္ဍာငွေများကို စနစ်တကျဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွဲ့စည်းရန် အသင့်လျော်ဆုံးဖြစ်ကြောင်း ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/131016.html

## တရားမဝင် ငွေလွှဲလုပ်ငန်းများလျှော့နည်းပြီး တရားဝင်ငွေလွှဲလုပ်ငန်းများပေါ်ပေါက်လာစေရန် နိုင်ငံတော်ဗဟိုဘဏ်က ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်များ ခွင့်ပြုမည်ဖြစ်ကာ ပြည်ပငွေလွှဲလက်ခံမှုနှင့် ငွေလွှဲပေးပို့မှုများ တရားဝင်ဆောင်ရွက်နိုင်မည်



မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား တရားမဝင် ငွေလွှဲလုပ်ငန်းများလျှော့နည်းပြီး တရားဝင်ငွေလွှဲလုပ်ငန်းများ ပေါ်ပေါက်လာစေရန် နိုင်ငံတော်ဗဟိုဘဏ်က ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်များ ခွင့်ပြုမည်ဖြစ်၍ ဗဟိုဘဏ်၏ လိုင်စင်လျှောက်ထားခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ လာရောက်လျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉ ဖြင့် အသိပေးကြေညာထားသည်။ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းအာမခံငွေ (Security Deposit) အဖြစ် ကျပ်သန်း ၁၀၀ အပ်နှံထားရှိရမည်ဖြစ်ပြီး လုပ်ငန်းပမာဏကြီးမားမှုကြောင့် လုပ်ငန်းအာမခံငွေ ကျပ်သန်း ၁၀၀ ထက် ထားရှိရန်လိုအပ်သည်ဟု ဗဟိုဘဏ်ညွှန်ကြားပါက လိုင်စင်ရရှိသူက ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။ လုပ်ငန်းတွင်းလှည့်လည်သုံးစွဲငွေ (Revolving Fund) ကို AD လိုင်စင်ရဘဏ်တစ်ခုခုတွင် သီးခြားစာရင်းဖွင့်လှစ်ထည့်သွင်းရမည်ဖြစ်ပြီး ဘဏ်စာရင်းတစ်ခုချင်းစီ၏ ဘဏ်စာရင်းရှင်းတမ်း (Bank Statement) ကို တစ်လတစ်ကြိမ် ဗဟိုဘဏ်သို့တင်ပြရမည်ဖြစ်သည်။

ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့်အချက်များမှာ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ငွေလွှဲလုပ်ငန်း (Inward and Outward Remittance Business) ကိုသာ ဆောင်ရွက်ခွင့်ရှိပြီး ငွေလွှဲပြောင်းရန် ရည်ရွယ်ချက်ဖြင့်သာ ငွေလက်ခံရမည်၊ ပြည်ပငွေလွှဲလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ပသို့ငွေလွှဲပေးပိုရန် ငွေကြေးလက်ခံခြင်း၊ လက်ခံရရှိသည့် ငွေလွှဲအား မြန်မာနိုင်ငံအတွင်း ငွေထုတ်ပေးခြင်းတို့ကို မြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်ရမည်၊ ပြည်ပငွေလွှဲလုပ်ငန်းများအား လိုင်စင်တွင်ပါရှိသော ခွင့်ပြုသည့်နေရာတွင်သာ လုပ်ကိုင်ဆောင်ရွက်ရမည်၊ ငွေလွှဲများ၏ စာရင်းရှင်းလင်းမှုဆောင်ရွက်ချက် (Back End Transaction) များကို ပြည်တွင်းဘဏ်စာရင်းနှင့် ပြည်ပတွင် ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်စာရင်း သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် ရုံးခွဲဘဏ်စာရင်း သို့မဟုတ် အကျိုးတူပူးပေါင်းသူ၏ ဘဏ်စာရင်းတို့အကြားအသုတ် (Batch) အလိုက် စုပေါင်းဆောင်ရွက်ချက် (Bulk Transaction) အနေဖြင့် အသားတင်စာရင်း (Netting) ပြုလုပ်၍ AD လိုင်စင်ရဘဏ်များမှတစ်ဆင့် ငွေလွှဲဆောင်ရွက်ရမည်၊ ငွေလွှဲဆောင်ရွက်သည့်လုပ်ငန်း၏ ပြည်ပတွင်ဖွင့်လှစ်ထားသော ငွေစာရင်း၏ ဘဏ်စာရင်းရှင်းတမ်းကို တစ်လတစ်ကြိမ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသို့ တင်ပြရမည်ဖြစ်ပြီး နိုင်ငံတော်ဗဟိုဘဏ်ထံ ပေးပို့ရန်သတ်မှတ်ထားသော စာရင်းဇယားများကို သတ်မှတ်ထားသည့် အချိန်ဇယားများ အတိုင်း ပေးပို့ရမည်ဖြစ်သည်။ ငွေလွှဲလက်ခံမှု သို့မဟုတ် ငွေလွှဲပေးပို့မှု တစ်ကြိမ်လျှင် အများဆုံးလွှဲပြောင်းနိုင်သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ညီမျှသောပမာဏဖြစ်ပြီး ပုဂ္ဂိုလ်တစ်ဦးအတွက် ငွေလွှဲလက်ခံမှု သို့မဟုတ် ငွေလွှဲပေးပို့မှု ပြုနိုင်သည့်ပမာဏသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့်ညီမျှသော ပမာဏထက်မပိုစေရန် ဗဟိုဘဏ်က ကန့်သတ်ထားသည်။

ပြည်ပ ငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ လိုက်နာရမည့်ကိစ္စရပ်များရှိပြီး ငွေလွှဲပြောင်းမှုတွင် သံသယဖြစ်ဖွယ်လွှဲပို့မှုများတွေ့ရှိပါက သတင်းပေးပို့ရမည်ဖြစ်ပြီး အဆိုပါမှတ်တမ်းကို အနည်းဆုံးငါးနှစ် ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ရန် ကနဦးလိုင်စင်ကြေးကို ကျပ်တစ်သန်း၊ နှစ်စဉ်ကြေးကို ကျပ်တစ်သိန်းသတ်မှတ်ထားပြီး လိုင်စင်သက်တမ်း သုံးနှစ်ခွင့်ပြုထားကာ သတ်မှတ်ထားသည့်အတိုင်း လိုင်စင်သက်တမ်း တိုးလျှောက်ထားနိုင်သည်။ ပြည်ပ ငွေလွှဲလုပ်ငန်းလိုင်စင်ရရှိသူသည် ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ပါက လိုင်စင်ဆိုင်းငံ့ထားခြင်း သို့မဟုတ်

ပြည်လည်ရုပ်သိမ်းခြင်းအထိ အရေးယူခံရမည်ဖြစ်ပြီး သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက ပျက်ကွက်မှုတစ်ခုစီအတွက် ကျပ် ၁၀ သန်းထက် မနည်းသောဒဏ်ငွေ ကျခံရမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/145762

## ကမ္ဘောဒီးယားနိုင်ငံအတွက် GSP/EBA စောင့်ကြည့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အီးယူ၏ပဏာမ အစီရင်ခံစာထုတ်ပြန်ခဲ့ခြင်း

ဥရောပသမဂ္ဂမှ ကမ္ဘောဒီးယားနိုင်ငံအပေါ် ပေးအပ်ထားသည့် GSP/EBA ကုန်သွယ်မှုအကျိုးခံစားခွင့်ကို ဖြစ်နိုင်ဖွယ်ရှိသည့် ယာယီရုပ်သိမ်းမှုနှင့်စပ်လျဉ်း၍ အီးယူ၏ စိစစ်စောင့်ကြည့်ရေးလုပ်ငန်းစဉ်အောက်မှ စုံစမ်းစစ်ဆေးတွေ့ရှိရမှုများအား ဖော်ပြထားသည့် ဥရောပကော်မရှင်၏ ပဏာမအစီရင်ခံစာကို ၁၂.၁၁.၂၀၁၉ နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ အစိုးရထံသို့ ပေးပို့ခဲ့ကြောင်း ဥရောပကော်မရှင်၊ ကုန်သွယ်ရေးဌာန၏ သတင်းထုတ်ပြန်ခဲ့မှုအရ သိရှိရပါသည်။ အီးယူမှပေးအပ်သည့် GSP/EBA အစီအစဉ်သည် ကမ္ဘာ့ကုလသမဂ္ဂ၏သတ်မှတ်ချက်အရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs)မှ တင်ပို့သည့် လက်နက်ခဲယမ်းမှအပ ကျန်ကုန်စည်များအားလုံးကို ဥရောပဈေးကွက်သို့ အခွန်ကင်းလွတ်ခွင့်၊ ကိုတာသတ်မှတ်ချက်ကင်းလွတ်ခွင့် (Duty-Free Quota-Free) တို့ဖြင့် တင်ပို့ခွင့်အား အီးယူမှတစ်ဖက်သတ်ပေးအပ်ထားသည့် အစီအစဉ်ဖြစ်ပါသည်။ ဥရောပသမဂ္ဂ၏ GSP ပေးအပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်မှုရှိခဲ့ပါက အဆိုပါ ကုန်သွယ်ရေးဆိုင်ရာ အကျိုးခံစားခွင့်များကို အီးယူမှ ရုပ်ဆိုင်းနိုင်ခြင်းဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အီးယူ၏ GSP/EBA ကုန်သွယ်မှုအကျိုးခံစားခွင့်ရှိသည့်နိုင်ငံများအနက် ဒုတိယအများဆုံးအကျိုးခံစားခွင့် ရရှိ နေသည့် နိုင်ငံအဖြစ်ရပ်တည်နေကြောင်း၊ ၂၀၁၈ ခုနှစ် တွင် အီးယူဈေးကွက်သို့ EBA အစီအစဉ်အောက်မှ တင်သွင်းခဲ့သည့် သွင်းကုန်များအားလုံး၏ ၁၈ ရာခိုင်နှုန်းကို ကမ္ဘောဒီးယားနိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အီးယူအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ သွင်းကုန်တင်သွင်းမှု ယူရို ၅.၃ ဘီလီယံတန်ဖိုးရှိခဲ့ပြီး၊ ယင်း၏ ၉၅ ရာခိုင်နှုန်းမှာ EBA ကုန်သွယ်မှုအကျိုးခံစားခွင့်အောက်မှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အထည်အလိပ်နှင့် အဝတ်အထည် တင်သွင်းမှုမှာ ကမ္ဘောဒီးယားနိုင်ငံမှ အီးယူသို့တင်သွင်းကုန်စုစုပေါင်း၏ လေးပုံသုံးပုံခန့်ရှိကြောင်းသိရှိရပါသည်။ အီးယူ၏ GSP လုပ်ထုံးလုပ်နည်းများအရ ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် ဥရောပကော်မရှင်မှပေးပို့ခဲ့သည့် ပဏာမအစီရင်ခံစာအပေါ် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန် အချိန်(၁)လ ရရှိ မည်ဖြစ်ကြောင်း၊ ထို့နောက် ဥရောပကော်မရှင်က အစီရင်ခံစာကို အပြီးသတ်ထုတ်ပြန်မည်ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံအပေါ် အီးယူ၏ GSP/ EBA ကုန်သွယ်မှုအကျိုးခံစားခွင့် ဆက်လက်ပေးအပ်ခြင်း ပြု/မပြုကို ဥရောပကော်မရှင်၏ ဆုံးဖြတ်ချက်ကို ချမှတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ရွှေတြိဂံဒေသကတစ်ဆင့် တရုတ်သို့ ပြောင်းတန်ချိန် ခုနစ်ထောင်ခန့် စတင်ပို့



ယခုနှစ်အတွင်း ရွှေတြိဂံဒေသကတစ်ဆင့် တရုတ်သို့ ပြောင်းတန်ချိန် ၇၀၀၀ ခန့် စတင်ပို့နေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောကြားသည်။ တစ်ဆင့်ခံသဘောမျိုးနဲ့ ရွှေတြိဂံဒေသဘက်ကနေ တရုတ်ကိုပို့တာပေ့ါ။ အဲဒါက ဒီနှစ်မှစပို့တာ။ ရှေ့နှစ်ခါတော့ တန်ချိန် သောင်းဂဏန်းလောက်ဖြစ်မယ်လို့ မျှော်လင့်တယ်ဟု ၎င်းကပြောသည်။ တရုတ်သို့ နှစ်စဉ် ပြောင်းတန်ချိန် ၁ ဒသမ ၈ သန်းခန့် တင်ပို့နေရာမှ ယခုနှစ်လယ်ခန့်မှစ၍ တရုတ်နိုင်ငံ၏ အဂတိတိုက်ဖျက်ရေး ဥပဒေအရ မှောင်ခိုဖမ်းဆီးရေးများကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ခဲ့သည့်အတွက် ပြည်တွင်း၌ ပြောင်းထုတ်လုပ်မှုများကို ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရသည်။ ၂၀၁၈-၂၀၁၉

ဘဏ္ဍာနှစ်က ပြည်ပသို့ ပြောင်းတန်ချိန် ၁၅ သိန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၇၀ ကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ အခုလက်ရှိအခြေအနေက ပုံမှန်ကုန်သွယ်မှုနဲ့ အများကြီး သွားလို့မရသေးဘူး။ ဟိုတုန်းက အာဖရိကက နည်းနည်းယူတယ်။ စင်ကာပူက နည်းနည်းယူတယ်။ ဗီယမ်နမ်က ဒီနှစ်ဆို တန်ချိန်ရှစ်သောင်းလောက် ယူတယ်ကြားတယ်ဟု ရှမ်းပြည်နယ်၊ ရွာငံဒေသမှ ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်သို့ ပြောင်းတရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်၏ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ထားပြီး မကြာမီ နားလည်မှုစာချွန်လွှာ ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ပြောင်းကို ထိုင်းနိုင်ငံသို့ အဓိကအနေဖြင့် တင်ပို့နေရပြီး ၂၀၁၈ ခုနှစ်က ပြောင်းတန်ချိန် ၄၇၀၀၀၀ ကျော် တင်ပို့ခဲ့သည်။ လက်ရှိတွင် ထိုင်းနိုင်ငံက ၂၀၂၀ ပြည့်နှစ်အတွက် မြန်မာနိုင်ငံက ပြောင်းတန်ချိန် အနည်းဆုံး ခြောက်သိန်းခွဲခန့် ဝယ်ယူရန် ယခုလအတွင်း နေပြည်တော်၌ လာရောက်ဆွေးနွေးမည် ဖြစ်သည်။ မြန်မာနိုင်ငံ၌ ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်းခန့်တွင်ထွက်ရှိသည့် တန်ချိန် ၃ ဒသမ ၈ သန်းခန့်ရှိပြီး ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်စိုက်ပျိုးသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8261554

## ကချင်တွင် ပထမဆုံး စိုက်ပျိုးရေးစီမံကိန်း USAID ဆောင်ရွက်မည်

စိုက်ပျိုးရေးနှင့် အစားအစာထုတ်ကုန်စနစ်ဖွံ့ဖြိုးမှု စီမံကိန်းကို USAID (အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ) က ကချင်ပြည်နယ်တွင် ပထမဆုံးတိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး စကော့ မာစီရယ်က ပြောကြားသည်။ အမေရိကန်သံအမတ်ကြီးနှင့် ကချင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍတွင် ဆောင်ရွက်နေသူ ၆၀ ကျော်တို့ တွေ့ဆုံခဲ့ပြီး စိုက်ပျိုးရေးအခြေပြု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်စေရေးတွင် ရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားနိုင်ရန် USAID ၏ အဆိုပါစီမံကိန်းဖြင့် ကူညီနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း အမေရိကန်သံရုံးက နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။ အဆိုပါစီမံကိန်းမှာ ကချင်ပြည်နယ်အပြင် ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတို့မှ လူဦးရေစုစုပေါင်း ၁၂၅,၀၀၀ ကျော်ကို ထောက်ပံ့နိုင်မည့် အမေရိကန် ဒေါ်လာ ၃၈ သန်း တန်ဖိုးရှိသော ငါးနှစ် စီမံကိန်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင်ပါဝင်သည်။

အဆိုပါစီမံကိန်းမှ တောင်သူများ၏ လယ်ယာလုပ်ငန်းများမှ ရောင်းရငွေ အမေရိကန်ဒေါ်လာ ၄၂ သန်း တိုးတက်ရရှိရန်၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြစ်ထွန်းစေရန်နှင့် အချိန်ပြည့် အလုပ်အကိုင် ၃၅၀၀ ပေါ်ပေါက်လာစေရန် မျှော်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ အဆိုပါ စီမံကိန်းကပေးမည့် အကူအညီများတွင် ကျေးလက်တောင်သူများထံသို့ မျိုးစေ့ကဲ့သို့သော စိုက်သွင်းအားစုများကို ပိုမိုလက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများထံမှရရှိလာသော ကုန်စည်များကို တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ကာ ဝယ်လိုအားချဲ့ထွင်ပေးခြင်း များလည်းပါဝင်သည်။

**Source: THE VOICE JOURNAL**

https://voicejournalmm.com/archives/22418?fbclid=IwAR1yV4tZuukC9bjfn5opLXYkkWL4bK-8muYCvIhQYZH2elsnlwhGVPz91t4

## ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိမည်ခန့်မှန်း

ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယမန်နေ့တွင်ပြောသည်။ ခန့်မှန်းထားသည့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလီယံတွင် ၁၈ ဘီလီယံသည် ပို့ကုန်တန်ဖိုးဖြစ်လာနိုင်ကြောင်း၊ သို့သော် သွင်းကုန်တန်ဖိုးသည် ခန့်မှန်း မရသဖြင့် ကုန်သွယ်မှုပမာဏတိုးနိုင်သည်ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။ မွေးမြူရေးတက်လာတယ်။ တက်လာတော့

ကုန်ကြမ်းတင်သွင်းမှု ပိုမိုများပြားလာတယ်။ ဥပမာ ပဲပိစပ်ဆို အရင်တုန်းက တန်ချိန် နှစ်သောင်း၊ အခုငါးသောင်းဖြစ်လာတယ်။ စားအုန်းဆီ၊ ဒီဇယ်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းတွေ တင်သွင်းမှုကလည်း လျှော့မရဘူးဖြစ်နေတာဟု ၎င်းကပြောသည်။ ၂၀၁၈-၁၉ တွင် ကုန်သွယ်မှုတန်ဖိုးဒေါ်လာ ၃၄ ဘီလီယံခန့်ရှိပြီး ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၃၃၈ သန်းရှိခဲ့သည်။ ယခုဘဏ္ဍာနှစ်ပို့ကုန်နှင့်သွင်းကုန် ပမာဏကွာဟချက် ဒေါ်လာသန်း ၅၀၀ ခန့်ရှိမည်ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။ နယ်စပ်နှင့်ပင်လယ်ရေကြောင်းနှစ်ခုဖြင့် မြန်မာနိုင်ငံကုန်သွယ်မှုလုပ်ငန်းတွင် ယခုဘဏ္ဍာနှစ် ပထမလအတွင်း ဒေါ်လာသုံး ဘီလီယံကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနက ထုတ်ပြန်သည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်ကာလတူထက် ပို့ကုန်တန်ဖိုးဒေါ်လာသန်း ၃၅၀ ကျော် တိုးလာပြီးသွင်းကုန် တန်ဖိုးသည်လည်း ဒေါ်လာ ၅၉ သန်းကျော် ပိုမိုများလာသည်။ ယခုဘဏ္ဍာနှစ်စ ပထမတစ်လအတွင်း ပြည်ပပို့ကုန်ကဏ္ဍတွင် သတ္တုတွင်းထွက်တင်ပို့မှုသည် အများဆုံးဖြစ်ပြီး ဒေါ်လာသန်း ၂၉၀ ကျော်တင်ပို့ထားသည်။ ဒုတိယအများဆုံး ပို့ကုန်မှာ ပဲမျိုးစုံ၊ ဆန်အပါအဝင် လယ်ယာထွက်ကုန်များဖြစ်ပြီး တစ်လအတွင်း ဒေါ်လာ ၅၉ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြခဲ့သည်။ ယခုဘဏ္ဍာနှစ်တစ်ခုလုံးတွင် ချုပ်ပြီးအထည်ပြည်ပတင်ပို့မှုက အများဆုံးဖြစ်မည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ခန့်မှန်းသည်။ မြန်မာနိုင်ငံမှ ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုမှ နှစ်စဉ် ၃၀ ရာခိုင်နှုန်းတိုးတက်နေပြီး ၂၀၁၈ -၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာငါးဘီလီယံခန့်ရရှိခဲ့သည်။

**Source:** https://www.7daydaily.com/171317

## တစ်ကျော့ပြန် ရှမ်းမြောက်တိုက်ပွဲကြောင့် ကုန်သွယ်ရေးတုံ့ဆိုင်းမည့်အရေး စိုးရိမ်




ပွင့်လင်းရာသီတွင် ပြန်လည်စတင်သော ရှမ်းမြောက်တိုက်ပွဲများကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတုံ့ဆိုင်းမည်ကို မူဆယ်မြို့ရှိ ကုန်သည်အချို့က စိုးရိမ်နေသည်။ တစ်ရက်လျှင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ သန်းခွဲကျော်ရှိသော မူဆယ်-ရွှေလီနယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများသည် နိုဝင်ဘာ ၁၃ ရက်ကစတင်ခဲ့သည့် တိုက်ပွဲအချို့ကြောင့် အခက်အခဲများ ကြုံလာသည်ဟု ၎င်းတို့ကပြောသည်။ ပြီးခဲ့သည့် ဩဂုတ်လလယ်ပိုင်းက ဖြစ်ပွားခဲ့သော မူဆယ်-မန္တလေးလမ်းပေါ်မှ တိုက်ပွဲများကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး တုံ့ဆိုင်းခဲ့ပြီး ကုန်သည်လုပ်ငန်းရှင်များ ဆုံးရှုံးနစ်နာခဲ့သည်။ တရုတ်သို့တင်ပို့မည့် ရေထွက်ကုန်အချို့ ဆုံးရှုံးမှုများကြုံတွေ့ခဲ့ရကြောင်း မူဆယ်မြို့ရှိ ကုန်သည်တစ်ဦးကဆိုသည်။

နိုဝင်ဘာ ၁၃ ရက်ကစ၍ မူဆယ်-မန္တလေးပြည်ထောင်စု လမ်းပေါ်တွင် တိုက်ပွဲအချို့ဖြစ်ပွားလာခြင်းကြောင့် လမ်းပိတ်ဆို့မှုများရှိနေပြီး ပို့ကုန်အချို့ အရည်အသွေးထိခိုက်ကာ ဆုံးရှုံးမှုများရှိလာနိုင်ကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဖိုလ်က ပြောသည်။ လမ်းမှာအချိန်ကြာရင် အရည်အသွေးလျော့မယ်၊ ဈေးလျော့မယ်။ ဒါက တောင်သူတွေ၊ ကုန်သည်တွေအတွက် စိုးရိမ်စရာပါဟု ၎င်းကရှင်းပြသည်။ လက်ရှိ မူဆယ်သို့ အများဆုံးတင်ပို့နေသည့် မြန်မာပို့ကုန်များတွင် အဓိက ကုန်စည်မှာ ဖရဲသီးဖြစ်သည်။ မြန်မာနိုင်ငံမှ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နေသည့် သစ်သီးတန်ချိန် ရှစ်သိန်းခန့်ကို တရုတ်ဈေးကွက်သို့ရောင်းချရန် မူဆယ်-မန္တလေးလမ်းတစ်ခုကိုသာ အသုံးပြုနေရသည်။ ကုန်စိမ်းမျိုးဖြစ်ခြင်းကြောင့် ခူးဆွတ်ပြီး လမ်းတွင် အချိန်ပိုမို ကြန့်ကြာပါက အသီးအရည်အသွေးထိခိုက်၍ တရုတ်သို့ ရောင်းချချိန်တွင် ဈေးကောင်းမရဘဲ ဆုံးရှုံးမှုများ ကြုံတွေ့နိုင်သည်ဟု ၎င်းကဆိုသည်။ ပွင့်လင်းရာသီတွင် တရုတ်သို့ဖရဲသီးတင်ပို့မှု နေ့စဉ်တိုးတက်နေပြီး မူဆယ်မြို့သို့ တစ်ရက်လျှင် ကားအစီးရေ ၁၈၀ မှ ၂၀၀ အကြား အဝင်ရှိနေသည်။ လာမည့်ရက်များတွင် ယင်းပမာဏထက် ပိုများလာမည်ဟု ဦးစိုင်းမြင့်ဖိုလ်က ပြောသည်။

ထို့အတူ တရုတ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့နေသည့် လုပ်ငန်းရှင်အချို့ကလည်း လမ်းခရီးတွင် အချိန် ပိုကြန့်ကြာသဖြင့်

ပို့ကုန်များ ဆုံးရှုံးမှုဖြစ်လာမည်ကို စိုးရိမ်နေသည်။ အခုအခြေအနေက အတော်စွန့်စားပြီး သွားနေရတယ်ဟု ကုန်တင်ယာဉ်မောင်း ဦးသန်းမြိုင်ကပြောသည်။ မူဆယ်-မန္တလေးလမ်း၌ တိုက်ပွဲဖြစ်ပွားချိန်တွင် လမ်းပိတ်ဆို့မှုများဖြစ်ပြီး တိုက်ပွဲများမရှိချိန်တွင် ကားများသွားလာ၍ရနေကြောင်း၊ သို့သော် မည်သည့်အချိန်တိုက်ပွဲဖြစ်မည်ကို မသိခြင်းကြောင့် ယာဉ်မောင်းများ စိုးရိမ်ထိတ်လန့်စွာဖြင့် သွားလာနေရကြောင်း ၎င်းကပြောသည်။

ကုန်စည်စီးဆင်းမှု မရပ်သော်လည်း ယခုရက်ပိုင်းတွင် မူဆယ်သို့ ကားအဝင်အနည်းငယ် လျော့နည်းခဲ့ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။ အဆိုပါနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဖရဲသီးအပါအဝင် သစ်သီးများ၊ ရေထွက်ကုန်များ၊ ဆန်အပါအဝင် လယ်ယာထွက်ကုန်များ တစ်ရက်လျှင် ကန်ဒေါ်လာရှစ်သန်းခွဲကျော်တင်ပို့ပြီး လျှပ်စစ်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ အီလက်ထရွန်နစ်ပစ္စည်းများအပါအဝင် လူသုံးကုန်ပစ္စည်းများကို တစ်ရက်လျှင် ကန်ဒေါ်လာ ငါးသန်းဖိုးခန့်တင်သွင်းနေသည်။

Source: https://www.7daydaily.com/section?id=6

## ပြည်ပငွေလွှဲလုပ်ငန်းလုပ်ကိုင်ရန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများစိတ်ဝင်စား




ပြည်ပငွေလွှဲလုပ်ငန်းလုပ်ကိုင်ရန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ လုပ်ငန်းများက စိတ်ဝင်စားမှုရှိနေကြောင်း ယင်းလုပ်ငန်းရှင်အချို့က ပြောသည်။ ပြည်ပငွေလွှဲလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ ဗဟိုဘဏ်က နိုဝင်ဘာ ၁၅ ရက်တွင် အမိန့်စာထုတ်ပြန်ခဲ့သည့်အပေါ် အဆိုပါလုပ်ငန်းများကကြိုဆိုပြီး လိုင်စင်လျှောက်ထားလုပ်ကိုင်ရန် လေ့လာနေသည်ဟု ၎င်းတို့ကဆိုသည်။ အေဂျင်စီနဲ့ကိုက်ညီတဲ့ လုပ်ငန်းလည်းဖြစ်နေတယ်။ ကိုယ်လွှတ်လိုက်တဲ့ အလုပ်သမားတွေနဲ့ကို ချိတ်ဆက်ပြီး တရားဝင်ငွေပြန်လွှဲပို့ပေးနိုင်တဲ့ အနေအထားရှိနေတော့ အေဂျင်စီတော်တော်များများ လျှောက်ကြမယ်ထင်တယ်ဟု ငွေကြိုးကြာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ မန်နေဂျင်း ဒါရိုက်တာ ဦးစိုင်းစည်သူကပြောသည်။

လက်ရှိတွင် ပြည်ပအလုပ် အကိုင်ရှာဖွေရေး အေဂျင်စီများအနေဖြင့်စေလွှတ်သည့် အလုပ်သမားက တစ်လလျှင် ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကို တရားဝင်ငွေလွှဲပို့ရန် တာဝန်ယူရမည်ဆိုသည့် ဝန်ခံလက်မှတ်များရေးထိုးထားသည်။ သို့သော် ငွေလွှဲပို့သည့် စာရင်းအချက်အလက်များကို အတိအကျရရှိရန် ခက်ခဲသည့်အနေအထားတွင်ရှိနေဆဲဖြစ်၍ ယခုကဲ့သို့ တရားဝင်ငွေလွှဲလုပ်ငန်းလုပ်ကိုင်ခွင့်ပြုပါက အချက်အလက်များ ပိုမိုပြည့်စုံစွာ စုဆောင်းရရှိနိုင်မည်ဟု အေဂျင်စီလုပ်ငန်းရှင်များက သုံးသပ်သည်။ ထိုင်းတို့၊ မလေးတို့ကို တစ်လတစ်လအေဂျင်စီတွေက လူထောင်ချီပို့နေရတာ။ ဒီလူတွေကို ချိတ်ဆက်ပြီး လစာလွှဲပို့ပေးနိုင်ရင် နှစ်ဦးနှစ်ဖက်လည်း အလုပ်ဖြစ်နိုင်တယ်ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းလုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်လျှောက်ထားမည်ဆိုပါက ကုမ္ပဏီလိုင်စင်ရှိရန်လိုအပ်ပြီး အလုပ်သမားများက တစ်ကြိမ်လျှင် ဒေါ်လာတစ်ထောင်နှင့် တစ်လလျှင်အများဆုံးဒေါ်လာ ၅၀၀၀ လွှဲပို့နိုင်ကြောင်း ဗဟိုဘဏ်ကသတ်မှတ်ထားသည်။ အဆိုပါ လုပ်ငန်းလုပ်ကိုင်ရန် အေဂျင်စီများက ဟွန်ဒီလုပ်ငန်းများကို ဘဏ်များနှင့်အပြိုင် လျှောက်ထား လုပ်ကိုင်ရဖွယ်ရှိသည်ဟု လုပ်ငန်းရှင်အချို့ကသုံးသပ်သည်။

**Source:** https://www.7daydaily.com/171318

## အစိုးရက ကျပ် ၁၃ ဘီလျံသုံး၍ တိုင်းဒေသကြီးနှစ်ခုက စပါးများဝယ်ယူမည်

ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် အစိုးရက စပါးဝယ်ယူရန် ကျပ် ၁၃ ဘီလျံ အသုံးပြုသွားမည်ဖြစ်ကြောင်း ဆန်စပါးကုန်သည်များထံမှသိရသည်။ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းနာယက ဦးလှမိုးက အစိုးရက ၁၃ ဘီလျံချပေးထားတဲ့အထဲမှာ ပဲခူးတိုင်းဒေသကြီးက ကျပ်ရှစ်ဘီလျံ၊ ဧရာဝတီတိုင်းဒေသကြီးက ကျပ်ငါးဘီလျံပါ။

ရန်ကုန်တိုင်းဒေသကြီးပါ ပါမယ်ဆိုရင်တော့ ကျပ်နှစ်ဘီလျံရရှိမှာပါ။ ဒါနဲ့ပတ်သက်လို့ ရန်ကုန်၊ ပဲခူးနဲ့ ဧရာဝတီတိုင်း




ဒေသကြီးက စီမံဘဏ္ဍာရေးဝန်ကြီး သုံးယောက်က နေပြည်တော်မှာ ဆွေးနွေးပြီးတော့ အသေးစိတ်သိရှိလာမှာပါ။ ဝယ်ယူမယ့်အနေအထားကတော့ ကိုယ့်တိုင်းဒေသကြီးအလိုက် ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆောင်ရွက်မှာပေါ့။ အဓိကတော့ စပါးတင်း ၁၀၀ ကို ကျပ်ငါးသိန်းအောက် မကျဆင်းရေးအတွက် ဝယ်ယူတာပဲ။ အခု ကိုယ့်တိုင်းဒေသကြီးအလိုက် စပါးဝယ်ယူရေးကော်မတီတွေကို ဖွဲ့စည်းဆောင်ရွက်မှာဖြစ်ပါတယ်။ ပဲခူးမှာတော့ အမြန်ဖွဲ့စည်းဖို့ ဆောင်ရွက်နေတယ်။ ဝယ်ယူမယ့်အပိုင်းမှာတော့ သေချာစိစစ်ပြီးတော့ ဝယ်ယူမှာဖြစ်ပါတယ်ဟုပြောသည်။ ပဲခူးတိုင်းဒေသကြီး၌ စိုက်ပျိုးမှုများသည့် စပါးများမှာ တရုတ်သို့ အများဆုံးပို့သည့် ဧည့်မထ ဆန်ကြမ်း အမျိုးအစားများဖြစ်ကြောင်းသိရသည်။

အခြေခံရည်ညွှန်းစပါးဈေးအတိုင်းရောင်းချရန် အခက်အခဲရှိသော တောင်သူများ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ ရုံးချုပ်သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်းသိရသည်။ ဆန်စပါးစိုက်ပျိုးမှု အများဆုံး ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ဧက သိန်း ၅၀ ကျော်၊ ပဲခူးတိုင်းဒေသကြီးတွင် စိုက်ဧက ၃၁ သိန်းကျော်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် စိုက်ဧက ၁၃ သိန်းရှိကြောင်းသိရသည်။ အဆိုပါ ကျပ် ၁၃ ဘီလျံကို စပါးတစ်တင်း ကျပ် ၅၀၀၀ ဈေးဖြင့် တွက်ချက်ဝယ်ယူပါက စပါးတင်းရေ နှစ်သန်းခွဲကျော်ဝယ်ယူနိုင်မည်ဖြစ်သည်။ အဆိုပါတိုင်းဒေသကြီးများ၏ တစ်ဧက စပါးထွက်ရှိမှုစာရင်းအရ ဧရာဝတီတိုင်းဒေသကြီးက စပါးတင်းရေ သန်း ၄၀၀ ကျော်၊ ပဲခူးတိုင်းဒေသကြီးက စပါးတင်းရေ သန်း ၂၂၀ ကျော်၊ ရန်ကုန်တိုင်းဒေသကြီးက စပါးတင်းရေ ၁၀သန်းခန့်ထွက်ရှိကြောင်းသိရသည်။ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက အခုလက်ရှိထိ လက်ထဲပိုက်ဆံ မရောက်သေးပါဘူး။ ရောက်မှ လုပ်ငန်းစနိုင်မယ်။ လောလောဆယ်တော့ ဆန်စပါးအသင်းချုပ်ကနေ ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်ခြောက်ခုမှာ ၁၇ ဦး ပါဝင်တဲ့ကော်မတီတွေ ဖွဲ့စည်းပေးထားတယ်။ ဖွဲ့ပြီးတော့မှ သတ်မှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း စပါးဈေးကျဆင်း နေတဲ့ဒေသမှာ ဝယ်ယူပေးမယ်။ ဒါကို ဝယ်ခြမ်းမယ်ဆိုရင် လောလောဆယ်တော့ သတင်းလောက်ပဲ ရှိသေးတယ်။ ငွေကြေး သွားလာမယ့်အပိုင်းက သေချာမသိသေးဘူး။ ငွေကြေးခွဲဝေပေးမယ့်အပိုင်းမှာ ပြည်ထောင်စုအစိုးရကနေ တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ချပေးမလားဆိုတာ လောလောဆယ် သေချာမသိသေးဘူး။ ဝယ်ယူမယ့်အပိုင်းမှာ အကုန်လုံးကိုတော့ ဝယ်နိုင်မှာ မဟုတ်ဘူး။ တကယ်ဝယ်ယူပေးဖို့ လိုအပ်တဲ့နေရာဖြစ်မှာပေါ့။ ဒါမှ ဒီလုပ်ငန်းက ထိရောက်မှာပေါ့။ ဧရာဝတီတိုင်းဒေသကြီးက စပါးမျိုးစုံစိုက်တာညီမျှတယ်။ ပေါ်ဆန်းမျိုးစုံ၊ ဆန်ကြမ်းမျိုးစုံပါပဲဟုပြောသည်။ နယ်စပ်က တရုတ်သို့ ဆန်စပါးမတင်ပို့ နိုင်သေး၍ စပါးဈေးကျဆင်းနေခြင်းဖြစ်ပြီး ဆန်ပိုမိုတင်ပို့ရန် သက်ဆိုင်ရာတာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်းသိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စပါးဝယ်ဖို့ကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက် သူတို့စီမံချက်တင်ခိုင်းထားတာရှိတယ်။ အဲဒီအတိုင်း အကောင်အထည်ဖော်ကြမှာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ စည်းမျဉ်းစည်းကမ်းတွေကိုချဖို့ ဆွေးနွေးကြဦးမယ်။ အကြမ်းဖျင်းကတော့ ပဲခူးတိုင်းဒေသကြီးက ကျပ်ရှစ်ဘီလျံနဲ့ ဧရာဝတီတိုင်းဒေသကြီးက ကျပ်ငါးဘီလျံပေါ့ဟုပြောသည်။ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့နှင့် ဆန်စပါးဝယ်ယူရေးအဖွဲ့များက ဝယ်ယူသွားမည် ဖြစ်ကြောင်း၊ ၎င်းနှင့်ဆက်စပ်နေသည့် လုပ်ငန်း များဖြစ်သည့် သိုလှောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဝယ်ယူရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရက စပါးဈေးကျဆင်းသော ဒေသများကို ဦးစားပေး ရွေးချယ်မည် ဖြစ်ကြောင်း သိရသည်။ လက်ရှိ မိုးစပါးအသစ်ပေါက်ဈေးသည် နေရာဒေသနှင့် စပါးအမျိုးအစားကို မူတည်၍ တင်း ၁၀၀ လျှင် ပျမ်းမျှ ကျပ် ၄၅၀၀၀၀ မှ ကျပ် ၅၂၀ ၀၀၀ ကြား ရှိနေကြောင်း သိရသည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ စပါးစိုက်တောင်သူ ဦးလွင်ဦးက လောလောဆယ်တော့ စပါးဈေးက တစ်တင်းကို ကျပ် ၅၀၀၀ နဲ့ ရောင်းချင်တာကို လာဝယ်မယ့်သူမရှိသေးဘူး။ ဒါကြောင့် အောက်ခြေ လယ်သမားတွေမှာ ဘာတွေဖြစ်နေလဲဆိုတာ ဆင်းကြည့်ကြဖို့ လိုအပ်တယ်ဟုပြောသည်။ ပြည်၊ ပုသိမ်၊ ပဲခူး၊ ရွှေဘို၊စစ်တွေ မြို့နယ်တို့ရှိ ဧည့်မထအုပ်စုဝင် စပါးတစ်တင်း၏

အနိမ့်ဆုံးဈေးနှုန်းမှာ ကျပ် ၄၄၀၀ မှ အမြင့်ဆုံးဈေး ကျပ် ၅၅၀၀ ရှိနေကြောင်း၊ ဆန်လိုဒေသများဖြစ်သည့် နေပြည်တော်၊ ရန်ကုန် (ဝါးတန်း)၊ မန္တလေး၊ မော်လမြိုင်၊ လှိုင်ကော်၊ မြိတ်နှင့် ဘားအံမြို့နယ်တို့တွင် အနိမ့်ဆုံးဈေး တစ်တင်းလျှင် ကျပ် ၄၅၀၀ မှ ကျပ် ၅၆၀၀ ကြားရှိနေကြောင်းသိရသည်။ လွတ်လပ်သော တောင်သူလယ်သမားများ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က အခု ကျပ်ငါးသိန်းဈေးက ထုတ်လုပ်မှု ကုန်ကျစရိတ်တော့ရပေမယ့် အကျိုးအမြတ်တော့ မကျန်နိုင်ဘူးပေါ့။ ဒီနှစ်မှာတော့ စပါးတွေပိုးကျလို့ တစ်ဧကကို တင်း ၄၀လောက်ပဲ ထွက်ရှိနေတဲ့ တောင်သူတွေ အများကြီး ရှိနေလို့ သူတို့အတွက်တော့ ဒီဈေးနဲ့ဆိုရင် အရှုံးပေါ်ပြီပေါ့။ အစိုးရက ကျပ် ၁၅ ဘီလျံပေးဝယ်မယ်ဆိုရင်လည်း မြန်မြန် ဝယ်ပေးဖို့တိုက်တွန်းပါတယ်။ အခုအပြင်မှာ ကျပ်ငါးသိန်းမရဘဲ ကျပ် ၄၅၀၀၀၀ ရနေတဲ့ဈေးကို အမြန်ကယ်ပေးဖို့ လိုအပ်တယ်ဟုပြောသည်။

အစိုးရက အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ဝယ်ယူရာတွင် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်း ဝယ်ယူရန် အောက်တိုဘာ ၁၅ ရက်စွဲဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကထုတ်ပြန်ခဲ့သည်။

**Source:** The Farmer Media

https://www.facebook.com/thefarmermedia/posts/2579861192128051?__tn__=K-R

## ရေနံချောင်း၌ ကြက်သွန်နီမျိုးစေ့ ယခင်နှစ်ထက် ဈေးတစ်ဝက်ကျဆင်းပြီး ဝယ်လိုအားနည်းပါး



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ ကြက်သွန်နီမျိုးစေ့ဈေးနှုန်းမှာ ယခင်နှစ်ကထက် ဈေးထက်ဝက်ကျဆင်းကာ ဝယ်လိုအားနည်းလျက်ရှိကြောင်းသိရသည်။ ရေနံချောင်း၌ ကြက်သွန်နီပျိုးထောင်ရန်အတွက် မျိုးစေ့ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေကြရာ ကြက်သွန်မျိုးစေ့ တစ်ပြည်လျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် ရောင်းနေရပြီး ယခင်နှစ် ကာလတူ တွင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် ရောင်းခဲ့သောကြောင့် လက်ရှိဈေးနှုန်းများ ကျဆင်းကြောင်း သိရသည်။

ကြက်သွန်ဈေးက ငွေကျပ် ၄၀၀ ကနေ ငွေကျပ် ၆၀၀ သာ တောင်သူများ ရောင်းရတယ်။ တောင်သူတွေလက်မှာ ကြက်သွန်မရှိချိန် နိုဝင်ဘာလမှာ တစ်ပိဿာ ငွေကျပ် ၂၀၀၀ ဈေး မြင့်လာပေမယ့် တောင်သူတွေ အဲဒီဈေးမရလိုက်ကြဘူးဖြစ်နေတယ်။ အဓိက ဒီနှစ်ကြက်သွန်နီဈေး အရမ်းမကောင်းတဲ့အတွက် မျိုးစေ့အဝယ် နည်းတာ။ ဈေးကျတာပါ။ ကြက်သွန်နီစိုက်တောင်သူတွေ ကြက်သွန်ဈေး ဈေးကောင်းရမှ ရပ်တည်လို့ရမှာ စိုက်စရိတ် မြင့်လာတာကြောင့် တောင်သူကလည်း အရှုံးအမြတ်ချိန်ဆလာတာမျိုးပါ။ မျိုးစေ့ဈေးအေးတာပါဟု တောင်သူဦးဝင်းလှက ပြောသည်။ ရေနံချောင်းမြို့နယ်တွင် နိုဝင်ဘာလ၌ ကြက်သွန်ပျိုးထောင်ကြပြီး ဒီဇင်ဘာလအတွင်း ချောင်းမြေနုတွင် အဓိကထားစိုက်ပျိုးကြကာ ဧပြီလတွင် လှိုင်လှိုင်ပေါ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/130990.html



## အာရှအလှဆုံးမြို့အဖြစ် စင်ကာပူသတ်မှတ်ခံရ

စင်ကာပူဟာ အာရှဒေသမှာ အလှဆုံးမြို့ဖြစ်သလို ကမ္ဘာပေါ်မှာ ၁၁ ခုမြောက် အလှဆုံးမြို့ဖြစ်ကြောင်း ကနေဒါ အခြေစိုက် အွန်လိုင်း ခရီးသွား အေဂျင်စီ Flight Network က ထုတ်ပြန်တဲ့ စာရင်းတစ်ခုအရ သိရပါတယ်။ ကမ္ဘာ့အလှဆုံး မြို့ကြီးများ စာရင်းမှာတော့ ပါရီက ထိပ်ဆုံးမှာရပ်တည်နေ သလို နယူးယောခ်နဲ့လန်ဒန်တို့ကတော့ အဆင့် ၂ နဲ့ အဆင့် ၃


နေရာမှာ ရှိနေတယ်လို့ သိရပါတယ်။

စင်ကာပူကတော့ အာရှဒေသမှာ အလှဆုံးမြို့အဖြစ်ရပ်တည်နေပြီး ယင်းရဲ့နောက်မှာတော့ တိုကျို၊ ဟောင်ကောင်တို့ရှိနေပါတယ်။ အာရှအလှဆုံးမြို့များစာရင်းမှာ ဟနွိုင်းနဲ့ဘန်ကောက်တို့လို အာဆီယံမြို့ကြီးတွေလည်း ပါဝင်နိုင်ခဲ့ကြပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝန်းက ထောင်နဲ့ချီတဲ့ ခရီးသွားဂျာနယ်လစ်တွေ၊ ဘလော့ဂ်ဂါတွေ၊ အေဂျင်စီတွေရဲ့ မဲပေးရွေးချယ်မှုအပေါ်မူတည်ပြီး ယခုလို Flight Network က ကမ္ဘာ့အလှဆုံးမြို့ကြီးများစာရင်းကို ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

**Source:** https://www.asiaone.com/…/singapore-most-beautiful-city-asi…

SFJ Strategy First Journal

## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆွေးနွေးနေ



မြန်မာ-ဗီယက်နမ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်ရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား (၈) ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံဘက်စုံပူးပေါင်း ဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး တည်ထောင်ထားသည်နှင့် အညီ နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များအကြား ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန်သွားရောက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ သာသနာရေးနှင့်ယဉ်ကျေးမှု၊ ပို့ဆောင်ဆက်သွယ် ရေးကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် တိုးမြှင့်ဆက်ဆံရေး၊ အာဆီယံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ၄၅ နှစ်ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ် အခမ်းအနားများ ပူးတွဲညှိနှိုင်းကျင်းပရေးတို့လည်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E.Mr. Nguyen Minh Vu တို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ မြန်မာ--ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ သည် ၂၀၁၈ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၈၆၀ အထိရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ တွင် ရင်းနှီးမြှုပ်နှံသည့် နံပါတ် (၇) နေရာ၌ ရပ်တည်နေသည်။ လက်ရှိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံအတွင်း ဗီယက်နမ်လုပ်ငန်းပေါင်း ၂၀၀ ကျော်ရှိသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2495415264061017

## ရေစကြိုမြို့နယ် ကျွန်းမြေပေါ် နှမ်းစိုက်တောင်သူများ စျေးကောင်းရရန်မျှော်လင့်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရောဝတီမြစ်ကမ်းဘေး မြေနုကျွန်းနှမ်းစိုက်တောင်သူများ၏ ဆောင်းနှမ်းများ အောင်မြင်ဖြစ်ထွန်းကာ စျေးကောင်းရရန်သာ မျှော်လင့်လျက်ရှိကြောင်း ဆောင်းနှမ်းစိုက်တောင်သူများထံမှသိရသည်။ ရေစကြိုမြို့နယ် မြေနုကျွန်းပေါ်ဆောင်းနှမ်းစိုက်တောင်သူများသည် နှမ်းများအပင်ဖြစ်ထွန်းမှုသန်မာကာ နှမ်းပင်များအသီး သီးနှုန်းမှာလည်း ကောင်းမွန်ခြင်းကြောင့် နှမ်းများနုတ်သိမ်းချိန် စျေးနှုန်းကောင်းမွန်ရန်သာလိုအပ်ကြောင်း ဇလဇကျေးရွာ ဆောင်းနှမ်းစိုက်တောင်သူ ဦးဇော်ဝင်းကပြောသည်။ ဆောင်းနှမ်းမြေနုကျွန်းစိုက်ပျိုးသည့် ရေစကြိုမြို့နယ် ဇလဇကျေးရွာ၊

ကွေ့ထောင့်ကျေးရွာ၊ ငါးမြှာကြီးကျေးရွာ၊ ငါးမြှာလေးကျေးရွာ၊ မထီးကျေးရွာနှင့် ကျော်ထင်ကုန်း ကျေးရွာများသည် ဆောင်းသီးနှံအဖြစ် နှမ်းအမျိုးမျိုးစိုက်ပျိုးလာကြပြီး ဆောင်းနှမ်းစိုက်ပျိုးချိန် ဈေးနှုန်းကြီးမြင့်သည့် စမုံနက်နှမ်းကို ဝယ်ယူစိုက်ပျိုးကြောင်း သိရသည်။ စမုံနှမ်းနက် ရိုးရိုးတစ်တင်း ငွေကျပ်တစ်သိန်းနှစ်သောင်းပေးဝယ်ကာ စိုက်ပျိုးခဲ့ရကြောင်း၊ အချို့တောင်သူများ ငွေကျပ်တစ်သိန်းသုံးသောင်းအထိ ပေးဝယ်စိုက်ခဲ့ရကြောင်း စမုံနှမ်းစိုက်ပျိုးသည့် မြေနုကျွန်း နှမ်းစိုက်တောင်သူများမှပြောသည်။ ရေစကြိုမြို့နယ် ရောဝတီမြစ်ကမ်းဘေး ရေဝင်အရပ်များနှင့်မြေနုကျွန်းပေါ်ချိန် ဆောင်းနှမ်းစိုက်တောင်သူများ စိုက်ပျိုးကြကာ ယာခင်းထဲ ကြဲပက်ထားရုံသာလိုကြောင်း၊ မြစ်ရေကျစိုက်ပျိုးခြင်းကြောင့် မြေဆီ၊ မြေဩဇာ ကြွယ်ဝကာ နှမ်းများအလွန်ဖြစ်ထွန်းခြင်းကြောင့် မြေနုကိုင်းကျွန်းမြေများတွင် ဆောင်းနှမ်းစိုက်ပျိုးသည့်တောင်သူများ တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ကြောင်း ဦးဇော်ဝင်းကရှင်းပြသည်။ ဆောင်းနှမ်းများကို တော်သလင်းလအတွင်း ကြဲပက်စိုက်ပျိုးကြကာ တန်ဆောင်မုန်းလကုန်တွင် နုတ်သိမ်းကြကြောင်းနှင့် ရိုးရိုးနှမ်းနက် (စမုံ နက်)၊ ရိုးရိုးနှမ်းနက်၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဖြူမျိုးများ စိုက်ပျိုးကြကြောင်းသိရကာ နှမ်းများနုတ်သိမ်းချိန်တွင် ဈေးကောင်းရရှိရန်မျှော်လင့်လျက်ရှိကြောင်း ဆောင်းနှမ်းစိုက်တောင်သူ ဦးဖိုးကျော်ကပြောသည်။ ရိုးရိုးနှမ်းနက်(စမုံနက်)တစ်တင်းလျှင် ငွေကျပ် ၈၂၀၀၀ ဈေးရှိကြောင်း၊ ရိုးရိုးနှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ပတ်ဝန်းကျင်ဈေးရှိနေပြီး၊ နှမ်းနီတစ်တင်း ငွေကျပ် ၄၆၀၀၀ နှင့် နှမ်းညို တစ်တင်း ငွေကျပ် ၄၇၀၀၀ ရှိကြောင်းနှင့် နှမ်းများပေါ်ချိန်ဈေးနှုန်း အတက်အကျအပြောင်းအလဲ အနည်းငယ်ရှိကြောင်း ပခုက္ကူမြို့ နေလပွဲရုံ ပိုင်ရှင် ဦးဘိုကြီးနိုင်ထံမှသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ယခုနှစ်အတွင်း ဝဥဈေးနှုန်းများကျဆင်းနေ



ယခုလပိုင်းအတွင်း ဝဥဈေးနှုန်းများမှာကျဆင်းနေကြောင်း ချင်းပြည်နယ် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ဝဥဈေးနှုန်းများမှာ အရင်နှစ်ကထက် ပြည်တွင်း ဝယ်လိုအားကျဆင်းနေတာကြောင့် ဈေးနှုန်းများ ကျဆင်းနေတာ ဖြစ်တယ်လို့ ချင်းပြည်နယ် ဝဥစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ဝဥက အရင်နှစ်ကထက် ဈေးနှုန်းလည်းမရဘူး။ အဓိကကတော့ ပြည်တွင်းဝယ်လိုအားကျဆင်းနေတာရယ်၊ ဈေးကစားတာတွေကြောင့် ပြည်ပကလည်း ဝယ်လိုအားမရှိသေးတော့ ဈေးကကျဆင်းလာတယ်။ ရေး၊ ထားဝယ် တို့ကလည်း မလာသေးဘူး။

ယခင်နှစ်က ဝဥတစ်ပိဿာကို ၁၂၀၀၀ ကျပ် ဝန်းကျင်ရရှိခဲ့သော်လည်း အခုနှစ်ပိုင်းအတွင်း ဝဥတစ်ပိဿာကို ၈၀၀၀ ကျပ် ဝန်းကျင်ရရှိပြီး ဈေးနှုန်းကျဆင်းလာတာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ ဝဥကို ချင်းပြည်နယ်မှာ အများဆုံး စိုက်ပျိုးတာဖြစ်ပြီး အခြားပြည်နယ်များမှာလည်း စိုက်ပျိုးတာဖြစ်ကြောင်း ချင်းပြည်နယ် ဝဥစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချ သူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/low_price_of_elephant_foot_yam

## ကွတ်ခိုင်မြို့အနီး တိုက်ပွဲဖြစ်ခဲ့ပေမဲ့ မူဆယ်ကုန်စည်ဒိုင်ကို သစ်သီးဝလံကားတွေ ပုံမှန်ဝင်

နမ့်ဖတ်ကာနဲ့ ကွတ်ခိုင်မြို့အကြား ပြည်ထောင်စုလမ်းမကြီးအနီး တပ်မတော်နဲ့ TNLA တို့ တိုက်ပွဲဖြစ်ပွားခဲ့ ပေမဲ့ မူဆယ်ကုန်စည်ဒိုင်မှာ သစ်သီးဝလံကားတွေ ဝင်ရောက်တာ မလျော့ကျသွားဘူးလို့ မူဆယ်မြို့သစ်သီး ဝလံ ကုန်စည်ဒိုင်က သိရပါတယ်။ နိုဝင်ဘာလ ၁၃ ရက်နေ့က ပြည်ထောင်စုလမ်းမကြီးအနီး ကွတ်ခိုင်နဲ့ နမ့်ဖတ်ကာ အကြား၊ ကွတ်ခိုင်မြို့နဲ့ မူဆယ် မြို့ အကြားတွေမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့တာကြောင့် ကုန်တင်ကားတွေ အပါအဝင် ကား

အားလုံး ရပ်နားစောင့်ဆိုင်းခဲ့ရတယ်လို့ သိရပါတယ်။

မူဆယ်မြို့ သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဋ္ဌက မနက်ကတော့ အဝင်ကပုံမှန်ပဲ၊ ဘာမှထိခိုက်မှုတော့ မရှိသေးဘူး၊ မနက်ပိုင်းဈေးကွက်လဲ ပြောင်းလဲမှုမရှိသေးဘူးလို့ပြောပါတယ်။ နိုဝင်ဘာလ ၁၄ ရက်နေ့က မူဆယ်ကို ဖရဲသခွား ကားအစီးရေ ၁၅၀ နီးပါးဝင်ရောက်ခဲ့ပြီး အချိန်အနည်းငယ်နောက်ကျခဲ့တယ်လို့ ခွာညိုသစ်သီးပွဲရုံက သိရပါတယ်။ ပွဲရုံပိုင်ရှင်ဖြစ်သူက ဖရဲသခွားလတ်ဆတ်မှုတော့ နည်းသွားတယ်၊ ဈေးကွက်ကိုတော့ မထိခိုက်သေးဘူး၊ တရုတ်ဘက်က အရည်အသွေးကောင်းတာပဲ ဝယ်တယ်၊ ရောင်းလိုအားက အရမ်းများတော့ အရည်အသွေးနိမ့်တဲ့အသီးတွေဆိုရင် တော့ ကားခတောင်ပြန်မရဘူးလို့ပြောပါတယ်။

**Source:** https://www.kumudranews.com/news-35940?fbclid=IwAR3PvKYsnB6cXtj-CadG5rQbomZcSc-wLfNP2-Himng4pmQLZs_P_qNmZf4

## ပဲပင်များရေနစ်မြုပ်၍ မျိုးပဲဈေးမြင့်တက်

ရန်ကုန်တိုင်းဒေသကြီး၌ နိုဝင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြဲထားသည့်ပဲပင်များ ရေနစ်မြုပ်ပြီး ပဲပင်များဆုံးရှုံးကာ မျိုးပဲဈေးနှုန်းမြင့်တက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ တောင်သူများ၏ ပြောဆိုချက်အရသိရသည်။ အိန္ဒိယနိုင်ငံမှ ပဲများကို သတ်မှတ်တန်ချိန်ထက် ပိုမိုဝယ်ယူနေသောကြောင့် တောင်သူများ ပဲမျိုးစေ့ကိုတိုး၍ စိုက်ပျိုးထားသော်လည်း ပြီးခဲ့သည့်တစ်ပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲပင်များရေနစ်မြုပ်ကာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တချို့တောင်သူတွေက ပဲကြဲပြီးသွားပြီ။ မိုးကြီးတော့ ပဲပင်တွေရေနစ်ပြီး ပထမရာသီမှာ ကြဲလိုက်တဲ့ပဲက ရေမြုပ်သွားတယ်။ လယ်သမားတွေမှာ စုထားတဲ့မျိုးတွေလည်းကုန်ပြီ။ ပဲထပ်စိုက်ချင်ပေမယ့် အခုမျိုးဈေးက မြင့်တက်နေတယ်။ မိုးရွာလိုက်တဲ့အတွက် အပင်ကမြေကျပ်ပြီး ခါးတွေပြတ်ထွက်ကုန်တယ်ဟု ကျောက်တန်းမြို့နယ်မှ လယ်သမားကိုဂျေမီကပြောသည်။

ယခင်က မျိုးပဲတစ်အိတ်လျှင် ငွေကျပ်တစ်သောင်းရှိခဲ့ရာမှ ယခုအခါ ငွေကျပ်ခြောက်သောင်းမှ ခုနစ်သောင်းဝန်းကျင် အထိရှိပြီး မျိုးပဲသည် ပြုပြင်ထိန်းသိမ်း ရသည့်အတွက် ထိန်းသိမ်းစရိတ်ကြောင့် ဈေးကောင်းနေခြင်း ဖြစ်ကြောင်းသိရသည်။ ကျောက်တန်းမြို့နယ်၌ လက်ရှိ ပဲတီစိမ်းကို အဓိကစိုက်ပျိုးပြီး မတ်ပဲစိုက်ပျိုးရန် ပြင်ဆင်နေသော်လည်း ရာသီဥတုအခြေအနေကို ဆက်လက်စောင့်ကြည့်နေရသည်။ အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူမှုနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မှာယူမှုများရှိသောကြောင့် တောင်သူများ တိုးချဲ့စိုက်ပျိုးခဲ့သော်လည်း မိုးကြောင့် ဆုံးရှုံးမှုများနှင့် တွေ့ကြုံနေရကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2494-beans-are-flooding-and-pulses-are-rising.html

## တစ်လတာကုန်သွယ်မှုမှ ကန်ဒေါ်လာ ၄ ဘီလီယံကျော်အထိရရှိခဲ့

၂၀၁၉-၂၀ ဘဏ္ဍာနှစ် တစ်လကျော်ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၄၀၆၅ သန်းကျော်အထိရရှိခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။အခုဘဏ္ဍာနှစ် ၅ ပတ်တာကာလအတွင်း နယ်စပ်ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁၇၁ သန်းကျော်၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂၈၉၃ သန်းကျော်အထိရရှိခဲ့တာလည်းဖြစ်ပါတယ်။ ပို့ကုန့်အလိုက်ကုန်သွယ်မှုအဖြစ် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၃၉ သန်းကျော်၊ ရေထွက်နဲ့ တိရိစ္ဆာန်ထွက်ကုန်တင်ပို့မှုက ၁၃၉ သန်းကျော်၊ သတ္တုတွင်းထွက်တင်ပို့မှုမှ ကန်ဒေါ်လာ ၄၆၆ သန်းကျော်၊ သစ်တောထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၇ သန်းကျော်၊ စက်မှုကုန်ချောတင်ပို့မှုမှကန်ဒေါ်လာ ၁ ဘီလီယံကျော်၊ အခြားအမယ်စုံတင်ပို့မှုမှ ကန်ဒေါ်လာ ၅၈ သန်းကျော် ကုန်သွယ်နိုင်ခဲ့ပါတယ်။

သွင်းကုန်အနေနဲ့ ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုက ကန်ဒေါ်လာ ၇၁၈ သန်းကျော်၊ လုပ်ငန်းသုံးကုန်ကြမ်း

ပစ္စည်းတင်သွင်းမှုက ကန်ဒေါ်လာ ၆၆၄ သန်းကျော်၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုက ကန်ဒေါ်လာ ၃၈၀ သန်းကျော်နဲ့ CMP တင်သွင်းမှုက ကန်ဒေါ်လာ ၂၅၉ သန်းကျော် တင်သွင်းထားပါတယ်။ ဒါဟာယခင်ကာလတူတင်ပို့မှုနဲ့ယှဉ်ရင် ၇၃၅ သန်းကျော် ပိုမိုကုန်သွယ်နိုင်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

**Source:** SFJ Strategy First Journal

https://business.facebook.com/pg/SFJWeekly/posts/

## STOCK EXCHANGE (18.11.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,000 | 12,000 | 4,725 | 56,700,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,800 | -100 | -2.56% | 3,900 | 3,900 | 3,800 | 7,157 | 27,521,900 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 503 | 11,319,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 156 | 468,000 | 12,823,224 | 38,470 |

### Market summary

As of 18th Nov. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 477.54 | +7.96 | +1.70% | 479.48 | 479.48 | 477.54 | 12,541 | 96,008,900 | 5 | 653,899 |

**Index chart**



## Market Overview

As of 12:00 pm, 18th Nov. 2019

| MYANPIX | 478.06 ▲ 8.48 |
|---|---|
| Total Volume (shares) | 8,419 |
| Total Value (MMK) | 54 mil |
| Listed Company | 5 |
| Market Cap. (MMK) | 654,609 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,850 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |

TIR